

ကျောက်ဖြူ ဥပစာကောလိပ် အာစရိယပူဇော်ပွဲကျင်းပမည်

ကျောက်ဖြူ ဇန်နဝါရီ ၉

ကျောက်ဖြူ ဥပစာကောလိပ် ကျောင်းသား ကျောင်းသူများ၏ (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၅ရက်တွင် ရန်ကုန်မြို့ ကန်တော်မင်ဥယျာဉ်အတွင်းရှိ ရွှေဘဲစားသောက်ဆိုင် (ယခင် ရှမ်းကန်စားသောက်ဆိုင်)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ဟောင်းများသည် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးလှူဒါန်းကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်မွေး ဖုန်း-၅၀၃၀၂၃၊ ဦးလှအောင် ဖုန်း-၅၂၆၈၈၆၊ ဦးမောင်မောင်ခင် ဖုန်း-၀၉-၈၀၃၃၅၈၆၊ ဦးမောင်သိန်းဦး ဖုန်း-၅၈၄၉၂၆နှင့်ဒေါ်ခင်မေသန်း ဖုန်း-၂၀၃၃၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏အနောက်တောင်ဘက် ၉မိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ရေလျှံထိန်းစည် ဆောက်လုပ်ပြီးစီးမှု၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်မည့်နေရာ ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓာတ်အားပေးစက်ရုံအတွင်း ရောက်ရှိပြီး စက်အမှတ်(၁)၏ Stator တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ စက်အမှတ်(၂)၏ Stator တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စက်အမှတ်(၃) Pit Liner တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေသွယ်ဥမင်လိုဏ် ကွန်ကရစ်လိုင်နင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဥမင်လိုဏ်အတွင်း သံမဏိပိုက်လိုင်းများ တပ်ဆင်နေမှု၊ ထရန်စဖော်မာယာဒ်နှင့် ဆွစ်ယာဒ်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထုတ်လုပ်ပေး

အဆိုပါ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၂၀ ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အား မဂ္ဂါဝပ် ၆၀ မှ နှစ်စဉ်ပျမ်းမျှ ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း သန်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၂ ဒသမ ၄၆ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း လှသီရိခန်းမ၌ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့် ဘက်စုံပထမဆုရရှိသော အဋ္ဌမတန်းမှ မရည်မွန်ခြူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတိုးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

တနင်္သာရီ ဇန်နဝါရီ ၉

တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့က သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၄ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဒေဝ၊ အမှုဆောင်အရာရှိ ဦးငွေးကိုနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဘဏ်ချေးငွေပြန်လည်ကောက်ခံရေး စစ်တွေ၌ ညှိနှိုင်းဆွေးနွေး

စစ်တွေ ဇန်နဝါရီ ၉

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်၏ ၂၀၁၀ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ အပြည့်အဝ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စစ်တွေမြို့နယ်ဘဏ်ခွဲရုံး၌ ဒီဇင်ဘာ ၂၁ရက် ညနေ ၄ နာရီက ကျင်းပရာ ရေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန်က မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ သတ်မှတ်ရက်အတွင်း အစောဆုံး အပြေအကျေ ပြန်လည်ကောက်ခံရရှိရေး ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် လက်ထောက်အထွေထွေမန်နေဂျာ ဦးမောင်မောင်ဆွေသိန်းနှင့် ရခိုင်ပြည်နယ် မန်နေဂျာ ဦးခင်မောင်မိုးတို့က မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ အပြေအကျေ ပြန်လည်ကောက်ခံရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး မြို့နယ်မန်နေဂျာများကလည်း မိမိတို့ မြို့နယ်အလိုက် ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြခဲ့ကြကြောင်း သိရသည်။

(မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)

နီဘန်းပြခန်း တပ်မတော်ခန်းမ၌ ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Living With Technology Expo-2011 , Yangon ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ပြသလျက်ရှိရာ မလေးရှားနိုင်ငံမှ ထုတ်လုပ်သော အဆင့်မြင့်လျှပ်စစ်ဂဟေဆော်စက်နှင့် ဖြတ်စက်အမျိုးမျိုး၊ NIBBAN Voltage Stabilizer တို့ကို ပါဝင်ပြသလျက်ရှိသည်။ **(အောက်ယာပုံ)**

ရောင်းချပေး

Win Welding Industries (Malaysia) မှ ထုတ်လုပ်သော အဆင့်မြင့် လျှပ်စစ်ဂဟေဆော်စက်နှင့် ဖြတ်စက်အမျိုးမျိုးကို Win အရောင်းပြခန်းတွင် လက်တွေ့စမ်းသပ်သရုပ်ပြ၍ ရောင်းချပေးလျက်ရှိသည်။

တပ်ဆင်အသုံးပြု

စက်ရုံသုံး၊ လုပ်ငန်းသုံး၊ အိမ်သုံး လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပုံမှန်အလုပ်လုပ်နိုင်ရန်နှင့် ပျက်စီးခြင်းများ မဖြစ်စေရန်အတွက် အကောင်းဆုံး ကာကွယ်ပေးနိုင်သည့် ဗို့အားအတည်ငြိမ်ဆုံး ဗို့အားထိန်းစက် NIBBAN Fully Automatic Voltage Stabilizer ကို တပ်ဆင်အသုံးပြုနိုင်သည်။

NIBBAN Voltage Stabilizer များကို 5 KVA မှ 2000 KVA အထိ ငါးနှစ်အာမခံပေးပြီး ကျွမ်းကျင်ပညာရှင်များက ကိုယ်တိုင်တိုင်းတာတွက်ချက်၍ ဆောင်ရွက်ရောင်းချပေးလျက်ရှိသည်။ ဆက်သွယ်ဝယ်ယူလိုပါက Yangon Show Room & Service Centre အမှတ် ၁၆၄ ဗိုလ်ရွှေလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၁၇၉၂၊ ၀၉-၉၉၂၁၂၄၅ နှင့် ၀၉-၅၀၄၁၂၀၆၊ Mandalay Show Room & Service Centre No.178,26(B) ၈၃ လမ်းနှင့် ၈၄ လမ်းကြား အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၀၃၂၂ တို့ဖြစ်သည်။ **(သတင်းစဉ်)**

ဘုတလင်ချစ်လေး၏ လူကြီးများအတွက် ပုံပြင်များ စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၉

စာရေးဆရာ၊ ကဗျာဆရာ ဘုတလင်ချစ်လေး(၁၉၂၃-၁၉၉၄) ခုနှစ်၏ သားများဖြစ်ကြသည့် ဦးရဲဝင်း(ဝင်းဝေနောင်)နှင့် ဦးရဲဝေ(မြန်မာစာ)တို့က ဖခင်ကြီး ရေးသားခဲ့သည့် လူကြီးများအတွက် ပုံပြင်များ စာအုပ်ကို စံပယ်ပွင့်စာပေမှ ကွယ်လွန်ခြင်း (၁၇)နှစ်ပြည့် အမှတ်တရအဖြစ် ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ဆွတ်ခူးရရှိ

ဘုတလင်ချစ်လေးသည် မြန်မာစာ အမြုတေ၊ စာပုလဲပန်း စာစီစာကုံးများ၊ ခေတ်ရေးအစမ်းစာများ၊ ကဗျာဟူသည်၊ ကချေသည်နှင့် အခြားကဗျာများ၊ မြကြေးမုံကဗျာများ၊ သနပ်ခါးတစ်ကွက် ရွှံ့တစ်စက်ကဗျာ စာအုပ်များ ထုတ်ဝေခဲ့သည်။ ကချေသည်နှင့် အခြားကဗျာများစာအုပ်ဖြင့် ၁၉၆၂ခုနှစ်အတွက် အနုပညာစာပေဆု (ကဗျာပေါင်းချုပ်ဆု)ကို ဆွတ်ခူးရရှိခဲ့သည်။

ရေးဆွဲထား

အဆိုပါစာအုပ်တွင် ဘုတလင်ချစ်လေး ၁၉၆၄ခုနှစ်မှ ၁၉၆၆ခုနှစ်အတွင်း ချင်းတွင်းဂျာနယ်၌ ရေးသားခဲ့သည့်ပုံပြင် ၃၂ပုဒ် ပါဝင်သည်။ ပုံပြင် ၃၂ပုဒ်တွင် ပန်းချီဆရာနှင့် ကာတွန်းဆရာ ၁၆ဦးတို့က ပုံပြင်နှင့်လိုက်ဖက်စွာ သရုပ်ဖော်ပုံများ ရေးဆွဲပေးထားသည်။

လူကြီးများအတွက်ပုံပြင်များ စာအုပ်၏ ထူးခြားချက်မှာ ပုံပြင်တစ်ပုဒ်စီတိုင်းတွင် စာရေးသူက စာရှုသူများကို စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်ရန် အတွေးအမြင်သဘောထားများ ပေးထားသည်။

စာအုပ်မျက်နှာဖုံးဒီဇိုင်းကို ကာတွန်းဖေသစ်တည်က ပုံဖော်ပေးထားပြီး စံပယ်ပွင့်စာပေ အမှတ် ၇၄ စံပယ်ခြံ ၃လမ်း (၁၁)ရပ်ကွက် လှိုင်မြို့နယ်က တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ထုတ်ဝေဖြန့်ချီကြောင်း သိရသည်။

(သတင်းစဉ်)

10-1 (03).pmd 1 1/10/2011, 2:18 AM

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နီပေါ၌ ကျောက်ခေတ်အနုပညာလက်ရာများတွေ့ရှိ

ခတ္တမန္ဍူ ဇန်နဝါရီ ၉

နီပေါနိုင်ငံအနောက်ပိုင်း ပါဘက်ခရိုင် ခါလီမာတီကျေးရွာအနီး ဂူတစ်ခုအတွင်းမှ ကျောက်ခေတ်သုံး အနုပညာလက်ရာပစ္စည်းများကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု ဇန်နဝါရီ ၉ရက်တွင် နီပေါရှေးဟောင်းသုတေသနဌာနက သတင်းထုတ်ပြန်သည်။

ပေးပို့

ဂူအတွင်းတွေ့ရှိရသော ကျောက်ခေတ်သုံးပစ္စည်းများမှာ အိုးများနှင့် အခြားအနုပညာလက်ရာပစ္စည်းများဖြစ်သည်။ ယင်းပစ္စည်းများကို အသေးစိတ်သုတေသနပြုလေ့လာရန် ခတ္တမန္ဍူမြို့သို့ ပေးပို့ထားသည်။

ရှေးဟောင်းအနုပညာလက်ရာပစ္စည်းများတွေ့ရှိရသောဂူကို နီပေါနိုင်ငံရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းထားကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

နီပေါနိုင်ငံတွင် ရှာဖွေတွေ့ရှိရသည့် ကျောက်ခေတ်သုံးပစ္စည်းများ။

အီရန်နျူပြဿနာ ဆွေးနွေးမည်

အစ္စတန်ဘူလ် ဇန်နဝါရီ ၉

အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စရပ်နှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးရန် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဇန်နဝါရီ ၂၀ရက်မှ ၂၁ရက်အထိ လက်ခံကျင်းပမည်ဖြစ်ကြောင်း တူရကီမီဒီယာများက ဇန်နဝါရီ ၉ရက်၌ ဖော်ပြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အီရန်နှင့် တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့အပြင် ဂျာမနီနိုင်ငံလည်း တက်ရောက်မည်ဟု ၄င်းသတင်း၌ ဆက်လက်ဖော်ပြထားသည်။

ယခု တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရန် တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူက အဓိက ဆက်သွယ်ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။ ထို့အတူ အီရန်နျူကလီးယားညှိနှိုင်းရေး အကြီးအကဲ ဆစ်ဂျာလီလီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက်ဘာဆာလီဟီတို့ကိုလည်း ၄င်းက ဆက်သွယ်ညှိနှိုင်းခဲ့သည်။

(အင်တာနက်)

သြစတြေးလျ၌ မိကျောင်းအန္တရာယ်ဘေးမှ ဂျာမန်ခရီးသွားများအားကယ်ဆယ်ခဲ့ရ

ကန်ဘာရာ ဇန်နဝါရီ ၉

သြစတြေးလျမြောက်ပိုင်း မိကျောင်းများသောင်းကျန်းနေသော မာဂယ်လာချောင်းအတွင်းတွင် ဂျာမန်ခရီးသွားများ ကားဖြတ်သန်း မောင်းနှင်စဉ် စက်ချွတ်ယွင်းသွားသောကြောင့် ကားအတွင်းမှ ခရီးသွားလေးဦးအား ကယ်တင်ခဲ့ရကြောင်း ဇန်နဝါရီ ၉ရက်၌ သြစတြေးလျအရာရှိများက ပြောကြားသည်။ သြစတြေးလျနိုင်ငံမြောက်ပိုင်း နယ်စပ်ရဲအရာရှိများ၏ ပြောကြားချက်အရ ၄င်းတို့၏ကား မာဂယ်လာချောင်းကို ဖြတ်မောင်းရန် ကြိုးစားစဉ် သတိပေးခဲ့ကြောင်း၊ ယင်းဖြတ်သန်းချိန်တွင် ရေအနက် တစ်မီတာရှိပြီး ချောင်းရေပြင်အကျယ်မှာ မီတာ ၁၀၀ခန့်ရှိကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

ထိုခရီးသွားများ၏ ကားသည် ချောင်းကို မောင်းနှင်ဖြတ်သန်းရန် ကြိုးစားစဉ် ချောင်းလယ်အရောက်တွင် ကားအင်ဂျင် ချွတ်ယွင်းသွားကြောင်း၊ နာရီဝက်ခန့်အကြာတွင် မော်တော်ယာဉ် နစ်မြုပ်ရာမှ ခရီးသွားများအား ကယ်ဆယ်ခဲ့ရကြောင်း အရာရှိတစ်ဦးဖြစ်သည့် ဒက်ဘီစမစ်က ပြောကြားသည်။

အနီးအနားရှိ မြင်တွေ့သူများက ထိုချောင်းသည် မိကျောင်းပေါများသော ချောင်းဖြစ်၍ မဖြတ်သန်းရန် သတိပေးခဲ့ကြောင်း၊ မိကျောင်းရန်ဘေးမှ လွတ်ရန်အတွက် ၄င်းတို့ မော်တော်ကား၏ ခေါင်မိုးပေါ်သို့တက်ခဲ့ရကြောင်း ဒက်ဘီစမစ်က ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ဂျီးရီးယား၌ ပြင်သစ်နိုင်ငံသားနှစ်ဦး ပြန်ပေးဆွဲခံရ

နိုင်ဂျာ ဇန်နဝါရီ ၉

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြို့တွင် ပြင်သစ်နိုင်ငံသားနှစ်ဦး **(အပေါ်ပုံ)**အား လက်နက်ကိုင်များက ဇန်နဝါရီ ၉ရက်၌ ဓားစာခံအဖြစ် ပြန်ပေးဆွဲသွားခဲ့ကြောင်း နိုင်ဂျာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်နက်ကိုင်များက ပြင်သစ်နိုင်ငံသားနှစ်ဦးအား နိုင်ဂျာမြို့လယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ မော်တော်ယာဉ်တစ်စီးဖြင့် ခေါ်ဆောင်သွားခဲ့ကြောင်း၊ ယင်းလက်နက်ကိုင်များသည် မည်သည့်အဖွဲ့ကဖြစ်သည်ကို သေချာစွာ မသိရသေးကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့၏ မြောက်အာဖရိကအဖွဲ့ခွဲတစ်ခုမှ အဖွဲ့ဝင်များသည် နိုင်ဂျာမြို့တွင် အနောက်နိုင်ငံသားများအား မကြာသေးမီကပင် ဓားစာခံအဖြစ် ပြန်ပေးဆွဲမှုများ ပြုလုပ်လာခဲ့ကြသည်။

အဆိုပါ ပြင်သစ်နိုင်ငံသားနှစ်ဦးအား နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရန် ကြိုးစားစဉ် အကြမ်းဖက်သမားများက ပစ်သတ်ခဲ့ကြကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

တောင်အာဖရိက၌ မိုးသည်းထန်ပြီးရေလွှမ်း၊ လူ ၅၀ခန့်သေဆုံး

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၉

တောင်အာဖရိကနိုင်ငံ ကိတ်ပြည်နယ်အရှေ့ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်ရာပေါင်းများစွာ ရေလွှမ်းခံရပြီး လူ ၅၀ခန့်သေဆုံးခဲ့ကြောင်း တောင်အာဖရိကအရာရှိများက ဇန်နဝါရီ ၉ရက်၌ပြောကြားသည်။ **(ဝဲပုံ)**

ပြီးခဲ့သည့်သီတင်းပတ်များအတွင်းကပင် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ကိတ်ပြည်နယ်နေရာအများအပြားတွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ နေအိမ်များ ပြိုလဲပျက်စီးပြီး ကားလမ်းများ ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည်။

ထို့အတူ တံတားအချို့လည်း ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ရပြီး မိုးရွာသွန်းမှုနှင့်အတူ လေပြင်းများတိုက်ခတ်မှုကြောင့် ဒေသခံ ၁၃ဦးအပါအဝင် လူ ၅၀သေဆုံး ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

မော်စကို၌ မီးလောင်၊ ငါးဦးသေဆုံး

မော်စကို ဇန်နဝါရီ ၉

ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ အဆောက်အအုံတစ်လုံး ဇန်နဝါရီ ၈ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးခဲ့သည်ဟု မော်စကိုရဲတပ်ဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

ဇန်နဝါရီ ၈ ရက် ဒေသစံတော်ချိန် သန်းခေါင်ကျော် မိနစ် ၄၀ခန့်တွင် မီးသတ်ဌာနသို့ အရေးပေါ် အကြောင်းကြားချက် ဝင်ခဲ့ကြောင်း၊ မီးကို တစ်နာရီကြာမျှ ငြိမ်းသတ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မီးငြိမ်းသွားပြီးနောက် မီးသတ်သမားများသည် မီးခိုးမွှန်သဖြင့် သေဆုံးခဲ့ဖွယ်ရှိသည့် လူသေအလောင်းငါးလောင်းအား ရှာတွေ့ခဲ့သည်။ သေဆုံးခဲ့သူများသည် ထိုမီးလောင်သည့် လူနေအဆောက်အအုံအတွင်း နေထိုင်နေကြသူများဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကန်အမျိုးသမီးအမတ် သေနတ်ပစ်ခံရ

ဝါရှင်တန် ဇန်နဝါရီ ၉

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် အမေရိကန်အထက်လွှတ်တော်အမတ် အမျိုးသမီးတစ်ဦးအား ဇန်နဝါရီ ၉ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိပြီး သေဆုံးသွားကြောင်း အရီဇိုးနားပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်ပစ်ခံရသူမှာ အသက် ၄၀အရွယ်ရှိ ဂါဘရီလီဂစ်ဖို့ဒ်ဖြစ်ပြီး အရီဇိုးနားပြည်နယ် တူဆန်မြို့၌ ပြည်သူများနှင့် တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်စဉ် သေနတ်သမားက အနီးကပ်ပစ်ခတ်သွားခြင်းဖြစ်သည်။

သေနတ်ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိပြီး စိုးရိမ်ရသည့် အနေအထားရှိကြောင်း၊ ခက်ခဲသောခွဲစိတ်ကုသမှုတစ်ရပ် ပြုလုပ်ရမည်ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားခဲ့ပြီးနောက် သူမမှာ သေဆုံးသွားခဲ့သည်။ သူမနှင့်အတူ ခင်ပွန်းဖြစ်သူလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် သေဆုံးသူပြည်သူ ခြောက်ဦးရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူခုနစ်ဦးရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ သေနတ်ပစ်ခတ်သူအဖြစ် သံသယရှိသူ အသက် ၂၂နှစ်အရွယ် ဂျာရက်ယောင်နာအမည်ရှိ လူငယ်တစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

(အင်တာနက်)

အရီဇိုးနားပြည်နယ် တူဆန်မြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်နေရာအား တာဝန်ရှိသူများ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

ဟိုတယ်လုပ်ငန်း ဝန်ဆောင်မှုဆိုင်ရာ သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၉

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီး သင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ Hospitality Operation & Service Course သင်တန်း အပတ်စဉ်အသစ်ကို ဇန်နဝါရီ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း ဧည့်ဝတ်ကျေပွန်မှု အတတ်ပညာ၊ အစားအသောက် တည်ခင်းဝန်ဆောင်မှုအတတ်ပညာနှင့် ဟိုတယ်တွင်း သပ်ရပ်လှပအောင် ထိန်းသိမ်းခြင်း အတတ်ပညာ စသည်တို့ကို National Vocational Qualification (UK) နှင့် Institute of AH & LA (USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များ၌ တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင် တတ်မြောက် ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးကြမည် ဖြစ်သည်။

သင်ကြားမည်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် Local ဟိုတယ်ကြီးများသို့ On Job Training (OJT) အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ နိုင်ငံတကာ ဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးမည်ဖြစ်ပြီး လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre Interview များကို လေ့ကျင့်ပေးသည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဇန်နဝါရီ တတိယပတ်အတွင်း ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဇန်နဝါရီ ၃ရက်က မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည် ပညာရေးလှုပ်ရှားမှုပြခန်းများနှင့် ကျောင်းသား ကျောင်းသူလေးများ၏ သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် ပညာရေးစုံညီပွဲတော် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဇန်နဝါရီ ၃ရက်က အလက (၂) သဃ်ံန်းကျွန်းပညာရေးစုံညီပွဲတော်တွင် အင်္ဂလိပ်စကားပြောစွမ်းရည်ပြ အဋ္ဌမတန်းစုအဖွဲ့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသား အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က ပဒေသာ အားကစားခန်းမ၌ ကျင်းပရာ ဗိုလ်စွဲသွားသော (၁၂) ရပ်ကွက် အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်းက တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ပင်းတယ၌ လူထုလမ်းလျှောက်ပွဲကျင်းပ

ပင်းတယ ဇန်နဝါရီ ၉

ပင်းတယမြို့နယ်၏ ဒီဇင်ဘာလနောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၅ နာရီက ပင်းတယ မြို့မဈေးအနီး၌ ကျင်းပရာ မြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ညိုညိုခင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပင်းတယမြို့မဈေးအနီးမှ ငှက်ပျောတောရပ်ကွက်လမ်း၊ ငှက်ပျောတောရပ်ကွက်လမ်းမှ အော်ယော နတ်စင်လမ်း၊ အော်ယော နတ်စင်လမ်းမှ မြို့နယ်အားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် အား/ကာ)

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၉

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက် (၇၅)နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အခမ်းအနားသို့ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများနှင့် အမည်စာရင်း ပေးသွင်းလိုသူများသည် အထောက်အထားများနှင့်အတူ ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၂၁၂၅၃၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် ဖုန်း-၇၀၀၅၉၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၄၂၁၀တို့နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရှင်းလင်းတင်ပြ

ကွမ်းလုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွမ်းလုံ-ဟံဟော်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၄ ရက်က ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မင်းထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု မင်းပြား-မြေပုံ ကြပ်စင်မြစ်ဖြတ်ကားကူး ကူးတို့ဆိပ်ဖွင့်

မင်းပြား ဇန်နဝါရီ ၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် စစ်တွေခရိုင် မင်းပြားမြို့နယ်၌ မင်းပြား- မြေပုံလမ်း ကြပ်စင် မြစ်ဖြတ်ကားကူး ကူးတို့ဆိပ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ ကြပ်စင်မြစ် ကူးတို့ဆိပ်၌ ကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်အောင် တက်ရောက်အားပေးပြီး မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြေပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆင်ပြေစွာသွားနိုင်

ယခင်က မင်းပြားမြို့မှ မြေပုံမြို့သို့ ရေလမ်းခရီးဖြင့် ငါးနာရီခန့်ကြာမြင့်စွာ သွားလာရသော်လည်း ယခုအခါ နိုင်ငံတော်အစိုးရက မင်းပြား-မြေပုံ ကားလမ်းကို ဖောက်လုပ်ပေးသဖြင့် အချိန်တစ်နာရီကျော်အတွင်း အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

လားရှိုးမြို့ ပညာရေးစုံညီပွဲတော် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဇန်နဝါရီ ၃ရက် နံနက်ပိုင်းက လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အလှူရှင်များက ကျောင်းများသို့ ကျောင်းသုံး ပရိဘောဂနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများနှင့် ပြည်နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့ အမှတ်(၁) ရပ်ကွက်၌ကျင်းပသည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး လမ်းသစ်ဖွင့်ပွဲ အခမ်းအနားမှတ်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကော့လေးချောင်းကူးတံတား လမ်းပိုင်းကို ဒီဇင်ဘာ ၂၅ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၉

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်ပြည့်စစ်မှုထမ်းဟောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ စစ်မှုထမ်းဟောင်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ထောက်ပံ့ငွေ ချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၁၁နာရီက မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတည်ရှိသော ရေတွင်းကုန်းရပ်ကွက် ၁၁၈လမ်း အမှတ်(၅)တွင် ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌဗိုလ်မှူးစိန်ဝင်း(ငြိမ်း)တို့က ဗဟိုစည်းရုံးရေးကော်မတီမှ ထောက်ပံ့ချီးမြှင့်ငွေများကို အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ခြောက်ဦး**(အပေါ်ပုံ)**နှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူ သုံးဦးတို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၁၂၃)**

စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၉

UK ၏ Highly Trusted College တစ်ခုဖြစ်သည့် City of Sunderland College ၏ အသိအမှတ်ပြု ကျောင်းခွဲဖြစ်သော Noble Nine College က ယင်းကောလိပ်၏ Diploma in Business (Marketing , Management, Administration) ဘာသာရပ်များကို စာတွေ့ ခြောက်လနှင့် Workplacement သုံးလ စုစုပေါင်း ကိုးလ တက်ရောက်ပြီး UK ၏ National Qualifications Framework (NQF Level-3) အဆင့်ကို ပြည်တွင်းမှာပင် တက်ရောက်၍ UK College မှ Diploma တိုက်ရိုက်ရရှိမည်ဖြစ်သည်။

သင်တန်းတွင် စီးပွားရေးဆိုင်ရာ အင်္ဂလိပ်ဘာသာစကားအပြင် Investigating Business Resources , Communication and Information, Exploring Creative Product Promotion, Management Accounting, Human Resource Management , Legal Aspects of Administration, Internet Marketing, Internet and e-Business, Investigating Supply Chain Management, Business Ethics, Investigating International Business, Exploring Computer Applications for Financial Management စသည့် Unit 18 ခုဖြင့် သင်ကြားမည်ဖြစ်သည်။

Diploma ရရှိပြီးသူများအနေဖြင့် UK ပညာရေးသင်ကြားပို့ချသော နိုင်ငံတကာတက္ကသိုလ် ကောလိပ်များတွင် Degree သင်တန်းများသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး ထပ်မံ၍ Australia တက္ကသိုလ်များ သို့မဟုတ် University of Sunderland ၏ စီးပွားရေးဆိုင်ရာမဟာဘွဲ့ (MBA/ MPA)သို့ တက်ရောက်နိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်သည်။

သင်တန်းချိန်များကို ရုံးချိန်ပြင်ပတန်းခွဲများအဖြစ် စီစဉ်ထားပြီး ဇန်နဝါရီ ၂၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အမှတ်စဉ်(၅) သင်တန်းကို ၂၀၁၁နှစ်သစ်အတွက် အထူးအစီအစဉ်အနေဖြင့် ၂၀ ရာခိုင်နှုန်းလျှော့လက်ခံမည်ဖြစ်ပြီး ယင်းသင်တန်းတက်ရောက်ရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်နေသူများ၊ ဘွဲ့ရများ လျှောက်ထားနိုင်သည်။ အသေးစိတ်သိလိုပါက Noble Nine College အမှတ်(၇) ဝတ်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၆၉၁၅နှင့် ၀၁-၇၃၀-၀၂၉၆၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုး သတိပြု

ရန်ကင်း အလက(၅) အာစရိယပူဇော်ပွဲကျင်းပရေး စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ကြီးမှူး၍ ၁၉၇၀ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၄ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းမှုများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီတွင် ကျောင်း၌ ကျင်းပလျက်ရှိသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အလက(၅) ဖုန်း-၅၅၄၈၁၇၊ ဒေါ်တင်တင်ကျော် ဖုန်း-၅၇၇၂၂၈၊ ကိုမျိုးမင်းအောင် ဖုန်း-၀၉-၅၁၈၄၂၀၁၊ ကိုသန့်ဇော်မင်းထိုက် ဖုန်း-၇၃၂၁၈၄၂၆၊ မအေးယဉ်ထွေး ဖုန်း-၀၉-၅၀၈၅၃၄၇၊ မနှင်းအောင်ထွန်း ဖုန်း-၀၉-၅၀၄၃၈၂၇၊ မသဇင်အေး ဖုန်း-၇၂၄၀၅၈၊ ကိုလွင်ဖြိုးအောင် ဖုန်း-၀၉-၅၀၅၄၆၁၀၊ ကိုအောင်ဆွေမိုး ဖုန်း-၀၉-၅၀၁၆၉၃၈၊ ကိုညီညီစည်သူ ဖုန်း-၇၃၁၁၂၆၆၈နှင့် အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ အဆင်ပြေစွာ ပါဝင်လှူဒါန်းနိုင်ရန်အတွက် ကိုမျိုးမင်းအောင် ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ် ၀၄၂၁၂၂၀၀၀၁၇၈၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ဝက်ရောဂါစူးစမ်းရှာဖွေရေး ညှိနှိုင်းစည်းဝေး

ကျောက်တန်း ဇန်နဝါရီ ၉

ကျောက်တန်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ဝက်ရောဂါ စူးစမ်းရှာဖွေရေး စီမံချက် အစည်းအဝေးကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ရက် နံနက် ၁၀နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာကျော်ဇင်တို့က အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

ဖြေကြား

ထို့နောက် မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးအရာရှိ ဒေါက်တာသီတာထွေးက ဝက်ရောဂါ စူးစမ်းရှာဖွေရေး လုပ်ငန်းစီမံချက်အကြောင်းကို အသေးစိတ်ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အိမ်ဆောက်ပစ္စည်းများ တပ်မတော်ခန်းမ၌ပြသ

ရန်ကုန် ဇန်နဝါရီ ၉

Living With Technology Expo-2011, Yangon ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ပြသလျက်ရှိရာ AUTHENTIC (ATT) Trading and Construction Co.,Ltd. က ပါဝင်ပြသလျက်ရှိသည်။ **(အောက်ယာပုံ)**

အဆိုပါပြခန်းတွင် သစ်၊ အထပ်သား အစားထိုး Formwork များကို ပြသထားသည်။ ပုံစံပြား (Formwork) အဖြစ် အကြိမ် ၂၀၀ ကျော် အသုံးပြုနိုင်ခြင်းကြောင့် စီးပွားရေးအရ တွက်ခြေကိုက်သည်။ Aerobic Treatment Unit တွင် ဟိုတယ်၊ ကွန်ဒို၊ ဆေးရုံ၊ရုံးခန်းများ၊ စားသောက်ဆိုင်များနှင့် အထပ်မြင့် အဆောက်အအုံများမှ ထွက်ရှိလာသော ရေဆိုး၊ မိလ္လာများကို သန့်စင်ရာတွင် ပိုမိုကောင်းမွန်သန့်စင်သော ရေစွန့်ထုတ်ရန်အတွက် မိလ္လာကန် (Septic Tank) အစားထိုးစနစ်ကို ပြသထားသည်။

ရေပေးဝေရေးလုပ်ငန်းသုံး ပိုက်များ (Hobas CC-GRP Pipe) သည် မြို့ပြ ရေပေးဝေရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေပေးဝေခြင်း၊ မြစ်ရေတင်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်သည်။

AUTHENTIC (ATT) Trading and Construction Co.,Ltd. နှင့် ဆက်သွယ်လိုပါက အခန်းအမှတ် (၃၀၄) ကွန်ဒို (D),Kabaraye Villa, ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၅၆၉၀၊ ၆၅၆၀၅၀ နှင့် ၆၅၆၀၂၀ တို့ထံသို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

မိုးကောင်း၌ ကတ္တရာ ထပ်ပိုးလွှာခင်း

မိုးကောင်း ဇန်နဝါရီ ၉

မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရာဇဓိရာဇ်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် နိုဝင်ဘာ ၂၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်သာယာ၌ ရပ်ကွက်ပေါင်းစုံ ခြင်းလုံးခတ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၁၁နာရီက အမှတ်(၇)ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိ ယာယီအားကစားရုံ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အားကစားနှင့်ကာယပညာ ကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုးနှင့်မြို့နယ်မြန်မာ့ရိုးရာခြင်းလုံးအားကစား ဆပ်ကော်မတီ နာယက ဦးမြမောင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ပါဝင်ယှဉ်ပြိုင်

အဆိုပါ မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် အသင်း ၁၄သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ဝ၉၇)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ရင်သွေးငယ်ပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ကျင်းပရာ မြောင်းမြခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာထွန်းက စံပြမိခင်ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရုံးခွဲများဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရုံးခွဲများဖွင့်လှစ်၍ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၅ရက်က နဝမမြောက်ရုံးခွဲဖြစ်သည့် ကွမ်းခြံကုန်းရုံးခွဲကို အမှတ် ၁၀ မင်းသုဝဏ်လမ်း တောင်ဘက်ပိုင်းရပ်ကွက်၌လည်းကောင်း၊ ဒသမမြောက်ရုံးခွဲဖြစ်သည့် ဖျာပုံမြို့နယ်ရုံးခွဲကို အမှတ်၂၈ မဟာဗန္ဓုလ ၇လမ်း (၉)ရပ်ကွက်တို့၌လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ စမ်းချောင်းမြို့နယ်ရှိရုံးချုပ်မှ အထောက်အကူပြုပစ္စည်းများနှင့် ဘောဇီဗိုက်တာဆေးဝါးထုတ်လုပ်ရေးမှ ငွေကျပ် ၅၀၀၀၀စီ ပေးအပ်လှူဒါန်းပြီး မြို့နယ်အတွင်းရှိ မသန်စွမ်းသောကလေးငယ်များအား အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

(၁၀၃)

မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်ကြီးတန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၆ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇေယျာဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပါကေးအစားထိုး ကြမ်းခင်းများ ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၉

Ready Made Floor (ပါကေးအစားထိုး)ကြမ်းခင်းပြားများကို တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိကျင်းပလျက်ရှိသည့် Living With Technology Expo-2011, Yangon ပြပွဲ၌ ပါဝင်ခင်းကျင်းပြသလျက်ရှိရာ အဆိုပါ ကြမ်းခင်းပြားများသည် ပေါလစ်တင်ရန်မလို၊ ပါကေးထက် ခံနိုင်ရည်မြင့်ပြီး အချိန်ကုန်သက်သာကြောင်း သိရသည်။

ပစ္စည်းသီးသန့် သို့မဟုတ် ပစ္စည်းနှင့်လက်ခ သို့မဟုတ် အားလုံးအပြီးအစီးဖြင့်လည်း လွတ်လပ်စွာရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ပါကေးအစားထိုး ကြမ်းခင်းပြားများတွင် သုတ်ဆေးအစားထိုး အဆင့်မြင့် Wall Leather သည် 3rd Generation ဖြစ်၍ ညစ်ပေမှုကို ပြန်လည်သန့်စင်နိုင်ပြီး အဆင့်မြင့် Hotel များတွင်အသုံးပြုမှုများကြောင်း သိရသည်။

New Year Promotion အထူးအစီအစဉ်အနေဖြင့် ဝယ်ယူအားပေးသော Customer များကို Floor တစ်ကျင်းဝယ်ယူသူတိုင်းအား နံရံကပ် Wall Covering (ပစ္စည်းသီးသန့်) တစ်ကျင်းလက်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

Home Distribution Group ကဖြန့်ချိသော အဆိုပါပစ္စည်းများကို No. F2 to 6,1st Floor အောင်ဆန်းအားကစားပြိုင်ကွင်း မြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၇၃၀-၈၄၈၄၀၊ ၇၃၀-၈၄၈၄၁၊ အမှတ်(၄၇၁) ၈၂လမ်း ၃၄နှင့်၃၅လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၆၈၂၆၊ ၀၂-၉၁၀၂၇၅၄နှင့် အမှတ် ၁၂၃၇ ဇော်ဂျီလမ်း မင်္ဂလာဒီပရပ်ကွက် ပုဗ္ဗသီရိမြို့နယ် ဘူတာကြီးနှင့်မျက်နှာချင်းဆိုင် နေပြည်တော် ဖုန်း-၇၃၀-၈၄၈၄၄နှင့် ၀၉-၄၉၂၀၅၇၃၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး မြောက်ဥက္ကလာပ၌ ဟောပြော

ရန်ကုန် ဇန်နဝါရီ ၉

မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို ဒီဇင်ဘာ ၃၁ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးမီးသတ် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန် ဦးသင်းဌေးရွှေက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဟောပြောသည်။ ***(အပေါ်ပုံ)***

ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအေးကျော်၊ ဈေးတာဝန်ခံ ဦးဝင်းမြင့်နှင့် တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသကြသည်။

(မြို့နယ်မီးသတ်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု လမ်းသစ်များဖွင့်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့နယ် ရပ်ကွက်(၇) လမ်းသွယ်(၁)ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ရဲဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆီဆိုင်မြို့မ-အနောက်မြို့ပတ် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကျော်သူရ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၁၅)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် ကောင်းတော်-တိုင်ယက်-မိုင်းယမ်းကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့်အမှုဆောင်အရာရှိ ဦးခင်စောတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွှေကျောင်းရပ်ကွက် သဇင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

❖ ရှေ့ဖုံးမှ

အဆိုပါစက်ရုံမှ တစ်နေ့လျှင် ကုန်ချောမှန် ၁၁၇တန် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အရောင်မှန်၊ လွှာထပ်မှန်၊ လုံခြုံရေးမှန်၊ အန္တရာယ်ကင်းမှန်၊ လေကာမှန်၊ ကျည်ကာမှန်၊ ကြည့်မှန်စသည့် မှန်အမျိုးမျိုးအား အရွယ်အစားအမျိုးမျိုး ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ပြည်တွင်းသယံဇာတ ကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာအသုံးပြု၍ အဆင့်မြင့်မှန်များထုတ်လုပ်ရန်၊ ခေတ်မီအဆင့်မြင့်မှန်များ ထုတ်လုပ်သုံးစွဲခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ခေတ်မီ မှန်ထုတ်လုပ်မှု နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန်၊ ပြည်တွင်း၌ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားမှ တင်သွင်းနေမှု လျှော့နည်းပြီး နိုင်ငံခြားငွေ ခြိုးခြံချွေတာသက်သာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့်အတူ နယ်မြေအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်

ထိုမှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ (မြစ်သား)သို့ ရောက်ရှိပြီး ပင်မစက်ရုံအတွင်း စက်များ၏ ကြံ့ခိုင်မှုနှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ကြရန် မှာကြား၍ အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်ထားသော အဝတ်အထည်နှင့် အဆင်ဒီဇိုင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရှိရသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)၌ ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

ထူးခြားသည့် ညအပူချိန်များ

၉-၁-၂၀၁၁

ပူတာအိုမြို့ ၃ ဒီဂရီစင်တီဂရိတ်

မချမ်းဘောမြို့ ၄ ဒီဂရီစင်တီဂရိတ်

ဟားခါးမြို့ ၅ ဒီဂရီစင်တီဂရိတ်

ရဲတံခွန်ကမ်းလွန် ရေနံထုတ်လုပ်ရေး ဒုတိယဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဇန်နဝါရီ ၈ရက်တွင် Petronas Carigali Myanmar (Hong Kong) Limited (PCML) ၏ မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရဲတံခွန်ကမ်းလွန်ရေနံထုတ်လုပ်ရေး Platform သို့သွားရောက်ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ရဲတံခွန် Platform မန်နေဂျာနှင့် တာဝန်ရှိသူများက အစည်းအဝေးခန်းမ၌ ရဲတံခွန် Platform မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ နေ့စဉ်ထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ သဘာဝအလျောက် ထုတ်လုပ်မှုကျဆင်းလာခြင်းကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

စစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးက Platform ပေါ်၌ တာဝန် ထမ်းဆောင်နေကြသော မြန်မာဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး သစ်သီးခြင်းလက်ဆောင်ကိုပေးအပ်ကာ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ယင်းနောက် ရဲတံခွန် Platform မှ ရေနံသိုလှောင်တင်ပို့ရေးသင်္ဘော Floating Storage and Offloading (FSO) ပေါ်သို့ ဆက်လက်သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မွန်းလွဲပိုင်းတွင် ရေဖြူမြို့နယ် ကန်ဘောက်ကျေးရွာအုပ်စုရှိ PCML ကုမ္ပဏီ၏ Pipeline Operating Centre (POC) သို့ ရောက်ရှိရာ POC မန်နေဂျာက ကမ်းလွန်သဘာဝဓာတ်ငွေ့များ ပြည်ပသို့ ထိန်းချုပ်ပို့လွှတ်နေမှု အခြေအနေများကို လည်းကောင်း၊ လူမှုစီးပွားဖွံ့ဖြိုးရေး တာဝန်ခံက ဒေသတွင်းဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လိုက်လံကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၁၀ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး ရေနံသိုလှောင်တင်ပို့ရေးသင်္ဘော Floating Storage and Offloading ၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၁၀-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဘဝဓာတ်သိမ်းချုပ်ငြိမ်းရာနိဗ္ဗာန်** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၈)
၈:၃၅	Activities in the City အလက(၁) တောင်ဥက္ကလာ၏ အာစရိယပူဇော်ပွဲ
၈:၅၀	တောင်ငူ GTI/GTC ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၉:၁၀	Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့
၉:၄၅	ဗီဒီယိုပြခန်း
၁၀:၀၅	အရိုး၊ အကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည်နှင်းဆီ
၁၀:၂၅	ရန်ကုန်စီးပွားရေးတက္ကသိုလ် (၄၆)နှစ်မြောက်အထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲ
၁၀:၄၀	The Champion of Dance
၁၁:၁၅	Celebrity Choice (ရတနာမိုင်)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (Myanmar Book Centre ၏ C.E.O ဒေါက်တာသန့်သော်ကောင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၂:၃၅	Activities in the City (အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနား)
၁၂:၄၅	ရန်ကုန်မြင်ကွင်းကျယ် စက်မှုလက်မှုသိပ္ပံ(အင်းစိန်) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန အာစရိယပူဇော်ပွဲ
၁:၀၀	**ဘဝဓာတ်သိမ်းချုပ်ငြိမ်းရာနိဗ္ဗာန်** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၂:၀၀	MRTV-4 သတင်း
၂:၂၀	FMF Selection
၂:၅၀	ရန်ကုန်မြင်ကွင်းကျယ် (မြန်မာအဏ္ဏဝါအသင်း တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ)
၃:၀၅	International Show Biz
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၁)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၈)
၄:၄၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အိုဇာအချစ်ရိုက်ကွင်းအမှတ်တရ)
၅:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့
၆:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၂)
၇:၃၀	အနုပညာမိုးကောင်းကင်
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း **အထင်ကြီးတာ ကောင်းတယ်၊ အထင်မကြီးတာ ကောင်းတယ်**
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၉)
၁၀:၀၅	Sunday Talk မျိုးမြတ်သူ၊ ဒေါက်တာဦးထွန်းလွင် (မိုးလေဝသပညာရှင်)
၁၀:၃၅	စျေးဝယ်လမ်းညွှန် (Myanmar Book Centre)
၁၁:၀၀	မြန်မာ့ **အိုး**
၁၁:၀၅	အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ (ရေခဲမုန့်ပြုလုပ်နည်း)
၁၁:၁၅	ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
၁၁:၅၀	ဇီဝမျိုးစုံ မျိုးကွဲပြတိုက် (လော်ကားဥယျာဉ်)
၁၁:၅၅	Shooting Location (သီရိဂုဏ်)
၁၂:၁၀	ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
၁၂:၃၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၁၂:၅၅	Celebrity Profile (Justin Timberlake)
၁:၃၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် ဒီဇိုင်နာထွန်းထွန်းလင်းနှင့်တွေ့ဆုံခြင်း
၁:၅၅	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုးစတီးလ်ပစ္စည်းအမျိုးမျိုး)
၂:၂၀	လှပသစ်ဆန်း အလှပြင်ခန်း (Hello)
၂:၄၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (အရိန္ဒာမာ Stationary & Fancy)
၃:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း)
၄:၁၀	ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
၄:၂၀	ကယ်တင်ကြစို့ တို့ကမ္ဘာ
၄:၃၀	လှမ်းခဲ့ပါဆွေ မနောမြေ
၄:၄၀	ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	Crawley Town - Dervy County	Star Sports (Live)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၈။ အဆိုပြိုင်ပွဲ
၈:၂၅ ၉။ **မြူတိမ်ကင်းသောနေ့**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၈။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ဆိုကြမယ်၊ပျော်ကြမယ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းပွင့်သစ္စာ** (အပိုင်း-၂၃)(ဇာတ်သိမ်း)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ကမ္ဘာကျော်သရုပ်ဆောင်များ** (အပိုင်း-၆)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၂၂)

■ *ကျော့ဖုံးမှ*

ပင်လယ်ရေပြင်အထက်ရှိ လေထုညစ်ညမ်းမှုကို လျော့ကျစေနိုင်သည့် စနစ်များပါရှိသည့်အပြင် ကိုယ်တိုင်လည်းကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အနည်းဆုံးထွက်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စေရန် ထိန်းသိမ်းနိုင်စွမ်းရှိသည့် သင်္ဘောဖြစ်သည်။

ထို့အပြင် ရေအောက်သို့ မနစ်မြုပ်နိုင်ခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ ခရီးရှည်မောင်းနှင်နိုင်ခြင်း စသည့်စွမ်းရည်များလည်း ရှိသည်။

"အီဆူမာ"အမည်ရှိ အဆိုပါသင်္ဘောမှာ တစ်နာရီလျှင် ရေမိုင် ၁၂မိုင်နှုန်းဖြင့် မိုင်၆၀၀၀ကျော် မရပ်မနား မောင်းနှင်သွားလာနိုင်သည်။ ခရီးသွားလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည့် သင်္ဘောအဖြစ် အနာဂတ်ကာလ၌ တွင်ကျယ်စွာ အသုံးပြုလာမည်ဖြစ်သည်။ **(အင်တာနက်)**

မြဝတီရုပ်မြင်သံကြား

၁၀-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၂၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၈။ မျိုးချစ်တပ်မတော်
၄:၄၀ ၉။ လျှပ်တစ်ပြက်
၅:၂၀ ၁၀။ ဗွီစီဒီကျော်ကြားတေး
၅:၂၅ ၁၁။ မီးသတိပြု
၅:၃၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၅)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၆။ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိပ်မက်ကောင်းကင်** (အပိုင်း-၂၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ Talk of the Town
၂၃။ မေးမြန်းစုံစမ်း
၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၅။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်းအလှနှင့်ဘဝကဗျာ** (အပိုင်း-၅၃)
၂၇။ Mini Series

မန်ယူတို့ ပယ်နယ်တီဂိုးဖြင့် နိုင်ပွဲရ လီဗာပူးတို့ ရှုံးပွဲကြုံသည့် အက်ဖ်အေဖလားပွဲ

လန်ဒန် ဇန်နဝါရီ ၉

အက်ဖ်အေဖလား တတိယအဆင့်ဘောလုံးပွဲစဉ်များကို ဇန်နဝါရီ ၉ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူနှင့် လီဗာပူးတို့ ပွဲစဉ်တွင် မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူနှင့် လီဗာပူး

မန်ယူ၏ အိုးထရက်ဖို့ဒ်ကွင်း၌ ဧည့်သည် လီဗာပူးကို မန်ယူတို့ တည်တည်ငြိမ်ငြိမ်နှင့် ကစားကွက်ထိန်းကာ ယှဉ်ပြိုင်ကစားခဲ့သည်။ မန်ယူတိုက်စစ်တွင် ဘာဘာတော့ဗ်နှင့် ဟာနန်ဒက်ဇ်၊ ကွင်းလယ်တွင် ဂစ်၊ ဖလက်ချာ၊ နာနီတို့ကို ထားရှိကစားစေခဲ့သည်။

လီဗာပူးကလည်း တောရက်စ်နှင့် ဂျရတ်တို့ကို အဓိကထား ပွဲထွက်ခဲ့သည်။ မန်ယူတို့ပွဲအစ နှစ်မိနစ်မှာပင် တောင်ပံကစားသမား ရိုင်ယန်ဂစ်က ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။

လီဗာပူးတို့ ချေပဂိုးရရှိရေး ကစားကွက်ထိန်းကာ မန်ယူတိုက်စစ်ကို ဟန့်တားရင်းပြန်လည်ထိုးဖောက် တိုက်စစ်ဆင်ခဲ့သော်လည်း မန်ယူဂိုးသမား ကာကွယ်နိုင်မှုနှင့် လီဗာပူးတိုက်စစ်မှူးများ ကန်ချက် မသေချာမှုတို့ကြောင့် ဂိုးမရရှိခဲ့ချေ။ ပွဲချိန် ၃၂မိနစ်၌ ဖလက်ချာအား ဂျရတ် အဝင်ကြမ်းသဖြင့် အနီကတ်ထိပြီး ထွက်ခဲ့ရသည်။ ပထမပိုင်း၌ မန်ယူတို့တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်း တွင်လည်း လီဗာပူးတို့ ချေပဂိုးမသွင်းနိုင်သလို မန်ယူတို့ကလည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**



အက်ဖ်အေဖလား တတိယ အဆင့် ဘောလုံးပြိုင်ပွဲတွင် မန်ယူနှင့် လီဗာပူးတို့ ယှဉ်ပြိုင် ကစားရာ လီဗာပူး ကွင်းလယ် ကစားသမား ဂျရတ်က ဤသို့ ဂိုးရရှိရေး ကြိုးစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်များ

စပါး	၃ - ၀	ချာလ်တန်
ချယ်လ်ဆီး	၇ - ၀	အစ်ဆွစ်
အာရှဖလားဘောလုံးပွဲရလဒ်		
ဂျပန်	၁- ၁	ဂျော်ဒန်

(အင်တာနက်)

အလက(၁)လမ်းမတော်၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းပရာ သဘ္ဘမတန်း တွင် ပထမဆုနှင့် ၂၀၁၀ခုနှစ် မြို့နယ်အဆင့် မြန်မာစာ ဘာသာရပ်ထူးချွန်ဆုနှင့် စာစီ စာကုံး၊ ကဗျာ၊ ဘာသာပြိုင်ပွဲများတွင် ဆုကိုးဆုရရှိသော မမီမီအောင်အား ဆရာမကြီး ဒေါ်သန်းသန်းအေး ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဆေးပညာသတင်းဆန်းများ(၁၁)

ဒေါက်တာ ကံညွန့်

ယခုအပတ် ဆေးပညာသတင်းဆန်းများ ဖော်ပြရာမှာ ပထမဦးစွာ ဆေးပညာလောကတစ်ခုလုံးအတွက် အထူးဝမ်းမြောက်ဖွယ် သတင်းတစ်ပုဒ်ကို ဦးစွာဖော်ပြလိုပါတယ်။ အမေရိကန်နိုင်ငံ Northwest University မှ Professor Samuel Stupp ဦးဆောင်တဲ့ ဆေးသုတေသနပညာရှင်တစ်စုရဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ ဒါကတော့ သူတို့အဖွဲ့ဟာ Stem Cell ကို Nano နည်းပညာနှင့် ပေါင်းစပ်ပြီး ကိုယ်လိုချင်တဲ့ Tissue ပုံစံအမျိုးမျိုးကို ပြုလုပ်နိုင်ပြီဆိုတဲ့ သတင်းပါပဲ။ ဒါကြောင့် လူတွေမှာ သွေးကြောပိတ်၊ သွေးထွက်လွန်၊ ထိခိုက်ဒဏ်ရာတွေကြောင့် ပျက်စီးသွားတဲ့ နှလုံး၊ အဆုတ်၊ အသည်း၊ ကျောက်ကပ်၊ ကျောရိုး (Spinal Cord) စတဲ့ Tissue အမျိုးမျိုးကို အစားထိုးကုသနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ကြေညာလိုက်ကြပါတယ်။ သူတို့ဟာ Stem Cell, Protein နှင့် Large Molecule တွေကို Nano နည်းပညာနဲ့ ပျက်စီးသွားတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေမှာ အစားထိုးဖို့ တီထွင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အစားထိုးခွဲစိတ်ကုသပေးရမယ့် ဆေးပညာရပ်မှာ ကဏ္ဍသစ်တစ်ရပ် ဖြစ်လာလိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်နိုင်ငံ Yale တက္ကသိုလ်က သိပ္ပံပညာရှင်တစ်စုကလည်း သူတို့ဟာ အဆုတ် (Lung) အသစ်တစ်ခုကို ဓာတ်ခွဲခန်းမှာ ဖန်တီးပြီး နဂိုအဆုတ်လိုပဲ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက် စတဲ့ ဓာတ်ငွေ့ကို Exchange လုပ်ပေးနိုင်တဲ့ အဆုတ်ဖြစ်ပြီး ၄င်းကို ကြွက်တစ်ကောင်မှာ အောင်မြင်စွာ ထည့်သွင်းကုသပေးနိုင်ပြီဖြစ်ကြောင်း ကြေညာလိုက်ကြပါတယ်။ ဒါဟာ အဆုတ်ရောဂါအမျိုးမျိုးကြောင့် တစ်နှစ်မှာ လူလေးသိန်းခန့် နှစ်စဉ်သေဆုံးနေရတဲ့ အမေရိကန်နိုင်ငံမှာ အဆုတ်အစားထိုးကုသနိုင်ဖို့ လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း ကင်ဆာရောဂါ အမျိုးမျိုးကို တိုက်ဖျက်ရေးအတွက် ဝမ်းမြောက်စရာ သတင်းတစ်ပုဒ်ပါပဲ။ ဒါက အမေရိကန်နိုင်ငံ Chicago မြို့မှာ လွန်ခဲ့တဲ့ သီတင်းပတ်က ကျင်းပပြီးစီးခဲ့တဲ့ American Society of Clinical Oncology အသင်းကြီးရဲ့ ညီလာခံက ထွက်ပေါ်လာတဲ့သတင်းပါ။ ဒီသတင်းကတော့ ကင်ဆာရောဂါတိုက်ဖျက်ရာမှာ ကင်ဆာကိုဖြစ်စေတဲ့ Genes ကို ပစ်မှတ် (Target) အဖြစ် တိကျစွာစမ်းသပ်ဖော်ထုတ်ထားတဲ့ ဆေးဝါးများကိုသာ အသုံးပြုတော့မှာဖြစ်ပြီး ဒီဆေးတွေဟာ ယခုအခါ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သွေးကင်ဆာ၊ သားဥကင်ဆာ၊ အရေပြားကင်ဆာတို့ကို နိုင်နင်းစွာ ကုသနိုင်ပြီဆိုတဲ့ သတင်းပါ။ ဆေးကုမ္ပဏီက ကျယ်ပြန့်စွာ မထုတ်လုပ်နိုင်သေးပေမယ့် ယခုအခါမှာ ဒီဆေးတွေကို အောင်မြင်စွာ စမ်းသပ်ပြီးကြောင်း သိရပါတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ထပ်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကော်ဖီသောက်ခြင်းရဲ့ အကျိုးသက်ရောက်ပုံသတင်းပါ။ ကော်ဖီသောက်ခြင်းဟာ သွေးထဲမှာရှိတဲ့ အချိုဓာတ်များလာခြင်းကို ကာကွယ်နိုင်ပြီး Insulin ရဲ့ အာနိသင်ကိုပါ ပိုမိုထိရောက်စေတာကြောင့် အမှတ်(၂)အမျိုးအစား ဆီးချိုရောဂါဖြစ်လာခြင်းမှ ကာကွယ်နိုင်ကြောင်း၊ ၄င်းပြင် Fatty Liver ဖြစ်နေသူတို့မှာလည်း အကျိုးသက်ရောက်နိုင်ကြောင်း တွေ့ရှိချက် ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို ဂျပန်နိုင်ငံ Nagoya University မှ ဆေးပညာရှင်တို့က သုတေသနပြုခဲ့ကြတာဖြစ်ပြီး ၄င်းတို့ရဲ့ တွေ့ရှိချက်ကို ACS ခေါ်တဲ့ American Chemical Society အသင်းကြီးက ကြေညာလိုက်တာဖြစ်ပါတယ်။

နောက်ထပ် ကော်ဖီနှင့်ပတ်သက်တဲ့သတင်းကလည်း အံ့သြစရာပါ။ တစ်နေ့မှာ ကော်ဖီလေးခွက် (သို့)ဒီထက်ပိုသောက်သူတွေဟာ သာမန်လူတွေထက် ဦးနှောက်၊ ဦးခေါင်းနှင့် လည်ချောင်းကင်ဆာရောဂါ ဖြစ်နိုင်ခြေ ၃၉ ရာခိုင်နှုန်း နည်းသွားနိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ဟာလည်း International Head and Neck Cancer Epidemiology ဌာနမှ နေရာကိုးနေရာမှာ လေ့လာထားချက်ကို အမေရိကန် ကင်ဆာသုတေသနဌာနက ဖော်ပြလိုက်တာဖြစ်ပါတယ်။

ဆက်လက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်သောက်သူတွေနဲ့အတူ နေထိုင်ရတဲ့ ဆေးလိပ်မသောက်သူ (Passive Smoker, Secondhand Smoker) တွေဟာ ဆေးလိပ်သောက်သူတွေနဲ့ ကင်းကင်းရှင်းရှင်းနေရတဲ့ လုံးဝဆေးလိပ်မသောက်သူတွေထက် စိတ်ရောဂါခံစားရဖို့ ၅၀ ရာခိုင်နှုန်း ပိုတယ်ဆိုတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို University College of London မှ Dr.Mark Hamer နှင့်အဖွဲ့က တွေ့ရှိခဲ့တာဖြစ်ပြီး ၄င်းတို့ဟာ Passive Smoker ၅၀၀၀ ကျော်ကို သုတေသနပြု လေ့လာခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ဆေးလိပ်သောက်သူဟာ ဆေးလိပ်မသောက်သူတွေထက် စိတ်ရောဂါဖြစ်ဖို့ အခွင့်အလမ်း နှစ်ဆပိုရှိပြီး ဆေးလိပ်ငွေ့ခံရသူ (Secondhand Smoker) နှင့် ဘာမှမခံရသူ နှိုင်းယှဉ်ပါက ဆေးလိပ်ငွေ့ခံရသူတို့မှာ ၆၂ ရာခိုင်နှုန်းပိုရှိကြောင်း တင်ပြထားကြပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ စိတ်ရောဂါကုသရာမှာ အသုံးပြုတဲ့ ဆေးဝါး (Psychotrophic Medicine) တချို့ဟာ ကိုယ်ဝန်ဆောင်မိခင်တွေမှာ တာရှည်အသုံးပြုခဲ့ရင် မွေးလာတဲ့ကလေးတွေမှာ မွေးရာပါချို့ယွင်းချက်တွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတဲ့သတင်းပါပဲ။ မွေးရာပါချို့ယွင်းချက်တွေဆိုတာကတော့ ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ဘဲမွေးခြင်း၊ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ နှစ်နှစ်မပြည့်မီ ကလေးချူချာခြင်းစတဲ့ ရောဂါတွေဖြစ်ပေါ်နိုင်ကြောင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် တက္ကသိုလ်မှ သုတေသီတချို့က လေ့လာတွေ့ရှိထားကြောင်းနှင့် ဒီဆေးတွေကို ကိုယ်ဝန်ဆောင်မိခင်လောင်းတွေကို ပေးမယ်ဆိုရင် မပေးမဖြစ်အခြေအနေရှိမှသာ Dosage ကို တတ်နိုင်သလောက် လျှော့ပြီး ပေးသင့်ကြောင်း အကြံပြုတင်ပြထားကြပါတယ်။

နောက်သတင်းတစ်ပုဒ်မှာတော့ ကလေးနို့တိုက်နေတဲ့ မိခင်တွေမှာ တချို့ဆေးဝါးတွေဟာ မိခင်နို့ရည်ကတစ်ဆင့် ကလေးဆီကိုရောက်သွားနိုင်တဲ့အတွက် အထူးသတိထားသင့်ကြောင်း တင်ပြထားတဲ့သတင်းဖြစ်ပါတယ်။ ဒီအကြောင်းကို စပိန်နိုင်ငံ ဘာစီလိုနာက သုတေသီဆရာဝန်တစ်စုက လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး ၄င်းနိုင်ငံမှာ ထုတ်ဝေတဲ့ Bioanalytical Chemistry Journal မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ နို့တိုက်မိခင်တွေဟာ Coccaine, Heroin နှင့် Alcohol သောက်သုံးခြင်းကို အထူးရှောင်ကြဉ်သင့်ကြောင်း၊ ဆေးလိပ်နှင့် Amphetamine လို ဆေးဝါးမျိုးတွေကိုလည်း အထူးရှောင်ကြဉ်သင့်ကြောင်း အကြံပြုတင်ပြထားပါတယ်။

ဒါ့အပြင် သတင်းတစ်ပုဒ်ကတော့ အမျိုးသမီးများရဲ့ သွေးဆုံးချိန်ကို ၁၀ နှစ်ခန့်အလိုကပင် သွေးစစ်ခြင်း ပြုလုပ်ပြီး ခန့်မှန်းနိုင်ပြီဆိုတဲ့ သတင်းပါ။ ကျွန်တော်တို့ နိုင်ငံမှာတော့ ကိုယ့်အမေ အသက်(၅၀)မှာ သွေးဆုံးရင် ကိုယ်လည်း အသက်(၅၀)လောက်မှာ သွေးဆုံးနိုင်တယ်ဆိုတာ အကြမ်းဖျင်း ခန့်မှန်းနိုင်ပြီးသားပါ။ ဒါပေမယ့် အခုထွက်ပေါ်လာတဲ့ လေ့လာချက်ကတော့ ရောမနိုင်ငံမှာ ပြုလုပ်တဲ့ European Fertility Conference မှာ အီရန်နိုင်ငံက ဆေးပညာရှင်တစ်စုက တင်ပြခဲ့ကြတာ ဖြစ်ပါတယ်။ ဒီစမ်းသပ်ချက်ကြောင့် စောစောသွေးဆုံးနိုင်သူ အမျိုးသမီးများအတွက် အထူးတန်ဖိုးရှိကြောင်း၊ တချို့ အမျိုးသမီးတွေဟာ သူတို့ကလေးရနိုင်မှုကို ရွှေ့ပြောင်း ရွေးချယ်နိုင်ကြောင်းနှင့် ကိုယ်ခန္ဓာမှာ သွေးဆုံးချိန်ဖြစ်တတ်တဲ့ တချို့ပြောင်းလဲမှုတွေကိုလည်း ကာကွယ်နိုင်မှာဖြစ်ကြောင်း တင်ပြထားကြပါတယ်။

ဆက်လက်ပြီး လယ်ယာလုပ်ငန်းခွင်တွေမှာ (Insecticide) ဆိုတဲ့ ပိုးသတ်ဆေးတွေ နေ့စဉ်နှင့်အမျှ ကိုင်တွယ် အသုံးပြုရတဲ့ တောင်သူလယ်သမားတွေအတွက် အရေးကြီးတဲ့သတင်းတစ်ပုဒ်ပါ။ ယင်းပိုးသတ်ဆေးတွေမှာပါတဲ့ Chlordecone အများအခေါ် Kepone ခေါ်တဲ့ ဓာတ်ဟာ သွေးထဲမှာရောက်သွားနိုင်ပြီး ဆီးကျိတ်ကင်ဆာ ဖြစ်ပွားမှုကို သိသိသာသာ မြင့်သွားနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒီတွေ့ရှိချက်ကို ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ West Indies နှင့် Guiana နိုင်ငံ လေးနိုင်ငံက သုတေသနပညာရှင်များက လေ့လာမှုပြုပြီး ဖော်ထုတ်ခဲ့ကြတာ ဖြစ်ပါတယ်။

၄င်းတို့ရဲ့ လေ့လာချက်အရ သာမန်လူတွေမှာထက် ယင်း Chordecone ဓာတ်ကို သွေးထဲကနေပြီး ဖျက်ဆီးနိုင်တဲ့ Gene အားနည်းသူတွေမှာ ပိုဖြစ်နိုင်ကြောင်းနှင့် ၄င်းတို့ဟာ ဆီးကျိတ်ကင်ဆာဖြစ်သူ ၇၀၉ ဦးနှင့် တခြား လူ ၇၂၃ ဦးတို့အား နှိုင်းယှဉ်သုတေသနပြုခဲ့ကြတာလို့ သိရပါတယ်။ ဒါကြောင့် ပိုးသတ်ဆေးတွေကို နေ့စဉ်ကိုင်တွယ်အသုံးပြုနေရတဲ့ တောင်သူလယ်သမားများ လက်အိတ်အသုံးပြုပြီး ကိုင်တွယ်ကြရန်၊ တတ်နိုင်သလောက် ၄င်းတို့ကို အသုံးပြုပြီးချိန်မှာ လက်ကို စင်စင်ဆေး၍ အစားအသောက်စားသုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဆုံးသတင်းတစ်ပုဒ်ကတော့ မျက်စိရောဂါနှင့် ပတ်သက်တဲ့သတင်းပါ။ အသက်အရွယ်ကြီးရင့်သူတွေမှာဖြစ်တတ်တဲ့ ARMD(Age Related Macular Degeneration) လို့ခေါ်တဲ့ မျက်အာရုံခံလွှာ ပျက်စီးတဲ့ ရောဂါမှာ အမျိုးအစားအားဖြင့် နှစ်မျိုးရှိပါတယ်။ Dry Type နှင့် West Type ဆိုပြီး နှစ်မျိုးရှိရာမှာ West Type ခေါ်တဲ့ သွေးကြောစိမ့်ပြီးဖြစ်တတ်တဲ့ (ARMD) ရောဂါမျိုးဟာ သွေးထဲမှာ သံဓာတ်များနေတဲ့လူတွေ (Haemochromatosu) ရောဂါရှိသူတွေမှာ ပိုဖြစ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Augusta မြို့က သုတေသီဆရာဝန်များက တွေ့ရှိခဲ့ကြတာ ဖြစ်ပါတယ်။

ဒီရောဂါဖြစ်တဲ့လူတွေဟာ မျက်စိဘာမှမမြင်အောင် လုံးဝမှုန်သွားတာမျိုးမဟုတ်ဘဲ ဘာကိုမှ သဲသဲကွဲကွဲမမြင်နိုင်တဲ့ အဖြစ်မျိုးရောက်ရတဲ့ရောဂါပါ။ P.D.T ခေါ်တဲ့ လေဆာရောင်ခြည်နှင့် ကုသတဲ့ (Photo Dynamic Therapy) ဆိုတဲ့ ကုသနည်း၊ မျက်စိထဲကို ထိုးရတဲ့ Anti VEGF ခေါ်တဲ့ သွေးကြောအသစ်တွေ ပေါ်လာတာကို တားတဲ့ဆေး (Macugen, Lucenten, Avastin) ဆိုတဲ့ဆေးတွေနဲ့ ကုသကြသော်လည်း လုံးဝပျောက်သွားတာမဟုတ်ဘဲ သက်သာရုံသာ ကုသနိုင်ကြတာ ဖြစ်ပါတယ်။

ဒါကြောင့် သက်ကြီးရွယ်အိုတွေ ဒီရောဂါမဖြစ်အောင် ငယ်စဉ်ကပင် ဟင်းသီးဟင်းရွက် အသီးအနှံနေ့စဉ်စားသုံးခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ Ultra Violet Rays နှင့် Welding မီးရောင်တို့မှ ရှောင်ကြဉ်ခြင်း၊ ယခုလေ့လာချက်အရ သံဓာတ်မများအောင် နေထိုင်ခြင်းဖြင့် အတော်အသင့်ကာကွယ်နိုင်ကြမှာဖြစ်ကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

● *ရှေ့ဖုံးမှ*

ယနေ့အထိ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရန် မြေ ၅၉၂၄၂ဧကနှင့် နောင်ချိုဒေသ (ရှမ်းမြောက်)တွင် မြေဧက ၅၅၀၀၀ကို လျာထားပြီး ပုဂ္ဂလိကကော်ဖီစိုက်ပျိုးလိုသည့် လုပ်ငန်းရှင်များအား မြေနေရာချထားပေးခဲ့ရာ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ဧက ၁၅၃၅၅ ဧက ဖော်ထုတ်ပေးခဲ့ပြီး ကော်ဖီနှင့်အတူ မဖြစ်မနေ ခါတော်မီအရိပ်ပင်များကိုပါ စိုက်ပျိုးစေခဲ့လေသည်။

ရွေးချယ်စိုက်ပျိုး

ကော်ဖီပင်နှင့်အတူ ခါတော်မီပင်ကို စိုက်ပျိုးရခြင်းမှာ ခါတော်မီအရိပ်ကို ကော်ဖီက ကြိုက်နှစ်သက်ခြင်း၊ ခါတော်မီအမြစ်သည် မြေထုအတွင်းသို့ ဖြောင့်တန်းစွာဆင်းသွားသဖြင့် ကော်ဖီပင်၏ အမြစ်များကို ထိခိုက်မှုမရှိနိုင်ခြင်း၊ ကြီးထွားမှုနှုန်းမြန်ဆန်ပြီး အပင်၏သက်တမ်းရှည်ကြာခြင်း၊ မြေ၏အစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်ခြင်း၊ သစ်တောတစ်ခုကို အချိန်တိုကာလအတွင်း ဖြစ်ပေါ်စေနိုင်ခြင်း၊ စိမ့်စမ်းများ ထိန်းသိမ်းပေးနိုင်ခြင်း၊ ရာသီဥတု မျှတစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်သောကြောင့် ဖြစ်လေသည်။ ၁၉၃၀ပြည့်နှစ်က စကော့တလန်နိုင်ငံမှ စကော့တလန်လူမျိုး မစ္စတာဂျော့ရှန်း (Mr. George Shand) ဆိုသူသည် ပြင်ဦးလွင်၏ မြောက်ဘက် မိုင် ၃၀ခန့်ဝေးသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ချောင်းကွေ့ကျေးရွာအနီးရှိ မြေဧက ၄၀၀ အနက် ဧက ၃၅၀ပေါ်တွင် ရှမ်းတောင်တန်း ကော်ဖီစိုက်ပျိုးရေးခြံ (Shan Mountain Coffee Estate) အမည်ဖြင့် ယခုအခေါ် ချောင်းကွေ့ကော်ဖီခြံတစ်ခြံကို တည်ထောင်ခဲ့သည်။ မြန်မာ့ကော်ဖီ စိုက်ပျိုးရေးသမိုင်းတွင် ပထမဦးဆုံးနှင့် အကြီးဆုံး ကော်ဖီခြံ ဖြစ်သည်။ ထိုကော်ဖီခြံကို စတင်တည်ထောင်ရာတွင် ကော်ဖီပင်အတွက် အရိပ်ပင်ကို ခါတော်မီသစ်ပင် (Silver Oak) ကို ရွေးချယ် စိုက်ပျိုးခဲ့သည်။

ရှင်သန်သီးမှည့်

ယနေ့အထိ ထိုကော်ဖီခြံမှ ခါတော်မီသစ်ပင်များမှာ နှစ်ပေါင်း ၈၀ သက်တမ်းရှိနေပြီး ဖြစ်သော်လည်း ရှင်သန်လျက်ပင်ရှိနေပြီး ခါတော်မီအရိပ်အောက်မှ ကော်ဖီပင်များသည်လည်း ရှင်သန်သီးမှည့်နေဆဲပင်ရှိနေသည်ကို တွေ့နိုင်သည်။

အလားတူပင် ချောင်းကွေ့ကော်ဖီခြံကို စံနမူနာယူ၍ ပြင်ဦးလွင်မြို့အနီး ပွေးတောင်အရပ်၌ ဘီတီ ဘရားသားဦးဘတူက မြေဧက ၆၀ ပေါ်တွင် ကော်ဖီခြံအဖြစ် ဖော်ထုတ်ခဲ့ရာ ကော်ဖီနှင့်အတူ ခါတော်မီပင်ကိုပါ တစ်ပြိုင်တည်း စိုက်ပျိုးခဲ့သည်။ ယခုအခါ ထိုပွေးတောင် ကော်ဖီခြံတွင် မြင်တွေ့နေရသော ကော်ဖီပင်နှင့် ခါတော်မီပင်တို့မှာ သက်တမ်းအားဖြင့် ၅၅နှစ်ပင် ကြာညောင်းနေပြီဖြစ်သော်လည်း အပင်နှစ်မျိုးစလုံးမှာ ရှင်သန်ဖွံ့ဖြိုးလျက်ရှိနေကြသည်။

ခါတော်မီပင်မှာ မြန်မာ့မျိုးရိုးဗီဇမဟုတ်ဘဲ ၁၉၂၀ ပြည့်နှစ်လောက်ကတည်းက သြစတြေးလျနိုင်ငံမှ

ခါတော်မီ သစ်တောကြီးကြားမှ ကော်ဖီစိုက်ခင်းကို ဤသို့ တွေ့ရသည်။

တစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရသည်။ ခါတော်မီသည် ပင်လယ်အမြင့်ပေ ၂၅၀၀၌ ပိုမို ဖြစ်ထွန်းလာသည်ဟု ဆိုသော်လည်း ယခုအခါ ရန်ကုန်၊ ပဲခူးနှင့် မြေလတ်ဒေသအချို့တို့တွင် အလှစိုက်ပင်အဖြစ် စိုက်ပျိုးထားကြသည်ကို တွေ့နိုင်သည်။

ခါတော်မီ၏ ရုက္ခဗေဒအမည်မှာ (Revilleh Robusta A. Cm) ဖြစ်သည်။ အင်္ဂလိပ်အခေါ် စီးလ်ဗားအုပ် (Silver Oak) သို့မဟုတ် စီးလ်ကီးအုပ် (Silky Oak) ဟုလည်း ခေါ်သည်။ ခါတော်မီ အရွက်၏ အောက်ဘက်၌ ငွေရောင် သို့မဟုတ် တောက်ပသော ပိုးချည်ရောင်ကဲ့သို့သော အရောင်ရှိသည်။ မျိုးရိုးဗီဇမှာ လေထန်ကုန်း၊ လေထန်သည့်ဒေသ၌ အသက်ရှင် ကြီးပြင်းလာခဲ့ရသော အပင်ဖြစ်သဖြင့် ၎င်း၏ အရွက်မှာ အစိတ်စိတ်အမြွှာမြွှာကွဲပြီး လေဒဏ်ကို ခံနိုင်ရည်ရှိသည်။ ပေတံကဲ့သို့ ဖြောင့်တန်း တည့်မတ်စွာ အမြင့်ပေ ၁၅၀-၂၀၀ အထိ မြင့်မားသည်။ ရင်ဆို့လုံးပတ်မှာ ခြောက်ပေမှ ရှစ်ပေ အထိရှိသော အပင်မျိုးဖြစ်သည်။

ခါတော်မီဟု ခေါ်ဝေါ်ခြင်းမှာ သင်္ကြန်အခါမတိုင်မီ ပန်းပွင့်သဖြင့် မြန်မာတို့က ခါတော်မီပင်ဟု ခေါ်ဝေါ်ခဲ့ကြဟန်တူသည်။ ခါတော်မီ ပန်းပွင့်မှာ အခြားပင်မြင့်တွင်ပွင့်သည့် ပန်းပွင့်များနှင့်မတူ၊ ပင်လုံးပြည့် ရွှေရောင်ဝင်း၍ တစ်မူထူးခြားသော မျက်စိပသာဒအလှကို ဖြစ်စေသည်။

ခါတော်မီသစ်သားကို မီးရထား ဇလီဖားတုံးကို ပေါင်းတင်သကဲ့သို့ အသားသေအောင် ပေါင်းတင်ပေးပြီး ထိုပေါင်းတင်ပြီး ခါတော်မီသစ်သားကို အိမ်ထောင်ပရိဘောဂများ ပြုလုပ်နိုင်သည်။ ထို့အပြင် ခါတော်မီသစ်သားမှာ နိုင်ငံခြားငွေရရှိနိုင်သော ရောင်းတန်းဝင်သစ်လည်း ဖြစ်လာနိုင်သည်။

ဖြန့်ဝေပေး

ယခုအခါ ကော်ဖီစိုက်ပျိုးသူများအား ခါတော်မီကိုပါ ကော်ဖီအရိပ်ပင်အဖြစ် စိုက်ပျိုးနိုင်ရန် မြန်မာ့နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံပိုင် ကော်ဖီခြံများ၌ ခါတော်မီပျိုးပင်များကို ပျိုးထောင်ထားပြီး ကော်ဖီစိုက်တောင်သူများအား ဖြန့်ဝေပေးလျက် ရှိနေသည်။ ထို့အပြင် ကော်ဖီပင်တစ်ဧက စိုက်ပျိုးလျှင် ခါတော်မီသစ်ပင် အနည်းဆုံး အပင် ၁၇၀ မဖြစ်မနေ ထည့်စိုက်ရန် ကော်ဖီစိုက်ပျိုးသူများအား မှာကြားထားပြီးဖြစ်ကြောင်း သိရှိရသည်။

၁၉၉၅မှ ၂၀၁၀ခုနှစ်အထိ ၁၅နှစ်ကာလအတွင်း ပြင်ဦးလွင်ဒေသထွက် ကော်ဖီနှင့်အတူ ခါတော်မီအရိပ်ရ သစ်ပင်များ စိုက်ပျိုးနိုင်ခဲ့သဖြင့် ပြင်ဦးလွင်ဒေသတွင်ခါတော်မီသစ်တောကြီးများ ဖြစ်ထွန်းလာသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ သက်သေသာဓကအားဖြင့် ယခင်က ပြင်ဦးလွင် ကျက်သရေဆောင် အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ ကန်တော်ကြီးမှာ တစ်ချိန်က ကန်တော်ကြီး ရေဝေရေလဲဒေသတွင်သစ်တောများ ပြုန်းတီးခဲ့သဖြင့် ကန်တော်ကြီး ရေခန်းခြောက်မှုများ မကြာခဏ ဖြစ်ပေါ်စေခဲ့သည်။ လွန်ခဲ့သော ၁၀နှစ်ခန့်မှစ၍ ကန်တော်ကြီး ရေဝေရေလဲဒေသတွင် ကော်ဖီနှင့်အတူ ခါတော်မီများ စိုက်ပျိုးနိုင်ခဲ့သည်။ ကန်တော်ကြီး ရေဝေရေလဲဒေသမှာ ယခုအခါ ရေများ အမြဲပြည့်လျှံနေသည်ကို တွေ့မြင်ရ မည်ဖြစ်သည်။ ထို့အပြင် ပြင်ဦးလွင် ဒိုးကွင်းရေကန်မှာလည်း ကန်တော်ကြီးနည်းတူ တစ်ချိန်က မကြာခဏ ရေခန်းခြောက်ဖူးသော်လည်း ရေကန်ပတ်ဝန်းကျင် ရေဝေရေလဲဒေသတွင် ကော်ဖီနှင့်အတူ ခါတော်မီအရိပ်ရပင်များ စိုက်ပျိုးနိုင်ခဲ့သဖြင့် ဒိုးကွင်းရေကန်မှာလည်း ရေများ ပြည့်လျှံနေပြီဖြစ်သည်။

ယခုအခါ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးပြီး မြေများပေါ်တွင် ကော်ဖီနှင့်အတူ ခါတော်မီသစ်ပင်ပေါင်း ၂၆၁၀၃၅၀၊ ကသစ်အရိပ်ရသစ်ပင်ပေါင်း ၁၃၀၅၁၇၅ ပင် စိုက်ပျိုးဖြစ်ကြောင်း သိရှိရလေသည်။

ကြိုက်နှစ်သက်

ပြင်ဦးလွင်ဒေသထွက် ကော်ဖီမှာ ခါတော်မီ အရိပ်အောက်တွင် သီးမှည့်သဖြင့် အနံ့အရသာမှာအထူးကောင်းမွန်ပြီး ပြည်ပမှ ကြိုက်နှစ်သက်လျက်ရှိကာ နိုင်ငံခြားမှကော်ဖီဝယ်ယူလိုသည့်ကုန်သည်များ မကြာခဏ လာရောက် လေ့လာဝယ်ယူလျက်ရှိသည်။

ယခုအခါ ပြင်ဦးလွင်ဒေသထွက်ကော်ဖီပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ အထက်ရှိပြီး ထိုသို့ ကော်ဖီဈေးနှုန်းများ ကောင်းလာမှုကြောင့် ကော်ဖီစိုက်တောင်သူများ ကော်ဖီများကို စီးပွားဖြစ်အင်တိုက်အားတိုက် စိုက်ပျိုးလျက်ရှိပါကြောင်း....။ ။

(မြန်မာ့အလင်း)

ကော်ဖီပင်များပေါ် ရိပ်မိုးပေးထားသော ခါတော်မီသစ်တောကြီးကို ဤသို့ တွေ့ရသည်။

ကော့မှူးမြို့နယ်၌ စာအုပ်စာစောင်များလှူဒါန်း

ကော့မှူး ဇန်နဝါရီ ၉

ကော့မှူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ ပူးပေါင်း၍ မြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်၊ ပရိဘောဂနှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးညီညီဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ထေရဝါဒဗုဒ္ဓသာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးတင့်ဆန်းက ရောင်စုံရုပ်မြင်သံကြား ပြစက်တစ်လုံးကိုလည်းကောင်း**(အပေါ်ပုံ)**၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အီးဗွီဒီစက်တစ်လုံးနှင့် စေတနာရှင်အလှူရှင်များက စားပွဲသုံးလုံး၊ ကုလားထိုင် ၃၅လုံး၊ မဂ္ဂဇင်းဂျာနယ် ၃၁၅၀၊ သုတရသစာအုပ် ၈၀၊ ရေဒီယို ၃၅လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၂၂၆၄၀၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က အမက(၁) ဗဟန်းကျောင်း၏ ပညာရေးစုံညီပွဲတော်အခမ်းအနားကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်နှင့် မိဘဆရာအသင်းနာယက ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၃၅)

မော်လိုက်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်

မော်လိုက် ဇန်နဝါရီ ၉

မော်လိုက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဈေးလုံခြုံရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၇ရက်က အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေ ကြည့်ရှုစစ်ဆေးရာ ဈေးတာဝန်ခံ ဦးရဲဇော်ရှိန်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၁၃၆၀၊ အကျယ် ၁၂ပေရှိ မြို့မ(၂)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တင့်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မီးသတ်စခန်းဆောက်လုပ်ပြီးစီးမှု ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်ဆွေသည် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မီးသတ်စခန်း (၅)ယူနစ် နှစ်ထပ်မီးသတ်စခန်းသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီတည်ဆောက်ရေး၊ အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီမှန်ကန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်း အမှတ် ပျော်ပွဲရွှင်ပွဲ နှင့် အားကစားပွဲများကို သဃ်န်းကျွန်း မြို့နယ်အတွင်းရှိ ရပ်ကွက် များ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ လေး ဒေါင့် ကန် ရပ်ကွက်၌ ပြည်သူများ ချောတိုင်တက်ပွဲ ဆင်နွဲနေကြစဉ်။
(မြန်မာ့အလင်း)

ရန်ကုန်ဟိုက်စကူး ကျောင်းသားဟောင်းများ အာစရိယ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၉

စစ်ပြီးခေတ် ရန်ကုန်ဟိုက်စကူး ကျောင်းသားကျောင်းသူဟောင်းများ၏ (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးငွေဝင်း ဖုန်း-၅၃၇၉၄၀၊ ဦးဝင်းလှိုင် ဖုန်း-၅၄၉၀၇၀၊ ဦးအောင်ကြွယ်၊ ဦးဉာဏ်ထွန်း ဖုန်း-၅၁၄၈၉၈၊ ဦးအောင်လွင် ဖုန်း-၂၉၀၅၀၁၊ ဒေါ်အနွဲ့ ဖုန်း-၅၅၆၂၁၇နှင့် ဒေါ်ရင်ရင်ကြည် ဖုန်း-၂၂၇၂၁၈၊ ၂၂၆၁၁၃တို့ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နမိုးနီးယားနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများ ကုသခြင်းဆိုင်ရာ ထားဝယ်၌ ရှင်းလင်း

ထားဝယ် ဇန်နဝါရီ ၉

အသက်ငါးနှစ်အောက် ကလေးများတွင် အဖြစ်များသော နမိုးနီးယားနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများ ကုသခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈နာရီက ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ထွန်းက အမှာစကား ပြောကြားပြီး(**အပေါ်ပုံ**) မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မျိုးသူဇာက နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဆိုင်ရာ လူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းဆိုင်ရာသင်တန်းကို ဒီဇင်ဘာ ၂၇ရက်မှစ၍ သုံးရက်ကြာ ပို့ချခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ

သံဖြူဇရပ် ဇန်နဝါရီ ၉

သံဖြူဇရပ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပသည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကလေးပြိုင်ပွဲသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အသင်းအမှုဆောင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးမှူးများနှင့် သူနာပြုဆရာမများ၊ ပြိုင်ပွဲဝင်ကလေးနှင့်မိဘများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲအပြီးဆုချီးမြှင့်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ရီရီသောင်းက ပထမဆုရရှိသည့် အသက်တစ်နှစ်မှ တစ်နှစ်ခွဲအကြား အမြွှာကလေးနှစ်ဦးအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။
(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဂုဏ်ပြုဆုချီးမြှင့်

အမက(၆) သာကေတ မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းမြိုင်က ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မစန္ဒာဝင်းတင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးသုံးစွဲလျှင် သတိယုဉ် အစဉ်သတိ အမြဲရှိ

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းမပေါ်က ရေမြောင်းပေါက် ဖုံးအုပ်ပေးပါ

စာတည်းခင်ဗျား-

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းသစ် ဆရာစံပလာဇာရှေ့ ကတ္တရာလမ်းမပေါ်ရှိ ရေမြောင်းပေါက်မှာ လုံခြုံစွာ ဖုံးအုပ်ထားခြင်းမရှိသောကြောင့် ညအချိန် ယာဉ်များ၊ စက်ဘီး၊ ဆိုက်ကားများ မကြာခဏ ကျွံကျသဖြင့် အန္တရာယ်ရှိသောကြောင့် လုံခြုံစွာဖုံးအုပ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားများ

ကျူးကျော်အဆောက်အအုံ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် (၇)ရပ်ကွက် မဟာဗန္ဓုလလမ်း တိုက်အမှတ်(၆၁၅)ရှိ မြေညီထပ် အခန်းတစ်ခန်းသည် တိုက်နောက်ဖေး စည်ပင်သာယာပိုင်မြေပေါ်တွင် အခိုင်အမာအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ထားပါသဖြင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ၏ အရေးပေါ်ထွက်ပေါက်များ ပိတ်ဆို့လျက်ရှိသောကြောင့် စည်ပင်ပိုင် မြေပေါ်တွင် ကျူးကျော် ဆောက်လုပ်ထားခြင်းကို ဖယ်ရှားနိုင်ရေး လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

လသာမြို့နယ် လသာလမ်း အမှတ်(၁၀) မြေညီထပ်တွင် ငှားရမ်းဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်သည် နေ့ရောညပါ ကြော်လှော် ချက်ပြုတ်ပြီး ငရုတ်သီးနံ့များ၊ မဆလာနံ့များ၊ ညှော်နံ့များကို ဆက်တိုက်ပြုလုပ်နေသောကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

ရေမြောင်းပိတ်ဆို့၍ လမ်းပေါ်ရေလျှံ

စာတည်းခင်ဗျား-

ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက် ကမ်းနားလမ်း (ဗိုလ်တထောင်ဈေးလမ်းနှင့်စန္ဒကူးလမ်းကြား မြောက်ဘက်ခြမ်း)တွင် ရေမြောင်းများ ပိတ်ဆို့ပြီး လမ်းပေါ်တွင် အိုင်ထွန်းနေပါသဖြင့် သွားလာရန်ခက်ခဲနေသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဗိုလ်တထောင်သားများ

ဘွိုင်လာမှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သိမ်ကုန်းရပ်ကွက် အုတ်ဖြတ်လမ်းပေါ်ရှိ ခြံဝင်းတစ်ခုအတွင်းတွင် စပါးခွံဖြင့်လည်ပတ်နေသည့် ဘွိုင်လာမီးစက်မှ ထွက်ရှိလာသော အနံ့ဆိုးများရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်ရပါသဖြင့် ၎င်းစက်ကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ရပ်ကွက်အတွင်းမှ နွားမွေးမြူရေးခြံ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် သုကြွယ်(၁)လမ်းရှိ လူနေအိမ်တန်း အိမ်နောက်ဖေးတွင် နွားများမွေးမြူထားပါသဖြင့် နွားချေးနှင့် အညစ်အကြေး အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

မီးသတ်ကားဝင်ထွက်နိုင်ရန် ဆောင်ရွက်ပြီး

၃၁-၅-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅) ရောဝတီလမ်းထောင့် စကားဝါလမ်း (၁၁)ရပ်ကွက်တွင် မီးသတ်ကားများ ဝင်ထွက်နိုင်ရန်ဆောင်ရွက်ပေးပါ** စာတည်းထံပေးစာနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားဝပ်ရှော့ ပြောင်းရွှေ့ပြီးဖြစ်

၉-၁၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အမရပူရမြို့ မှန်တန်းတိုက်နယ် ကွမ်းသီးတန်းရပ်အတွင်းရှိ ကားဝပ်ရှော့ကို စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါ** စာတည်းထံပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက် လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည့် သင်္ဘော

မောင်မောင်မြင့်ဆွေ ရေးသားသည်

ပါရီ ဇန်နဝါရီ ၉

*သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ရာနှုန်းပြည့်နီးပါး အထောက်အကူပေးနိုင်သည့်အပြင် လောင်စာဆီ အနည်းငယ်သာလိုအပ်သော အီဆူမာအမည်ရှိ သင်္ဘောကို ပြင်သစ်ရေကြောင်း သုတေသနပညာရှင်များက ထုတ်လုပ်လိုက်သည်။ **(အပေါ်ပုံ)** အဆိုပါသင်္ဘောမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အနည်းဆုံးသာ ထွက်ရှိကြောင်း သိရသည်။*

ဆွတ်ခူးရရှိ

၄င်းသင်္ဘောသည် ၂၀၁၁ခုနှစ်အတွက် ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း မိုနာကိုမြို့တွင်ပြုလုပ်ခဲ့သည့် မိုနာကိုသင်္ဘောပြပွဲတွင် သဘာဝပတ်ဝန်းကျင်သန့်ရှင်းစေမှုဆိုင်ရာ အကောင်းဆုံးဆု ဆွတ်ခူးရရှိခဲ့သည်။

"အီဆူမာ"သင်္ဘောကို သံမဏိနှင့် အလူမီနီယံတို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားသော်လည်း သင်္ဘောအလေးချိန်ပေါ့ပါးစေရန် အထူးစီမံပြုလုပ်ထားသည်။ သင်္ဘောကိုမောင်းနှင်ရာတွင်လည်း ငါးမန်းတစ်ကောင်ရေပြင်၌ သွားလာကူးခပ်နေသကဲ့သို့ နေရာမျိုးစုံနှင့် ရှေ့နောက်ဝဲယာကို မောင်းနှင်နိုင်အောင် စီမံပြုလုပ်ထားသည်။

စာမျက်နှာ ၉ ကော်လံ ၁

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အချိန်အခါမဲ့မိုး

၉-၁-၂၀၁၁

နမ့်စန်မြို့	၀ ဒသမ ၃၉ လက်မ
ကိုကိုးကျွန်းမြို့	၀ ဒသမ ၃၅ လက်မ
တောင်ကြီးမြို့	၀ ဒသမ ၃၂ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၀ ဒသမ ၁၆ လက်မ

10-1 (20).pmd 1 1/10/2011, 2:19 AM

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံစီမံကိန်း

ဝန်ကြီးဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စက်မှုနယ်မြေရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံစီမံကိန်း(ကျောက်ဆည်)သို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ပင်မစက်ရုံအတွင်း စက်ပစ္စည်းနှင့် စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးဦးစောအောင်က ရှင်းလင်းပြသပြီး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးရီက စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်ပြီးစီးမှု အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မှန်ထုတ်လုပ်မှုလုပ်ငန်း၏ စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှု အခြေအနေများကို လုပ်ငန်းအပိုင်းအလိုက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးရှိ ရေဝေရေလဲဒေသတွင် ကော်ဖီပင်နှင့်အတူ ခါတော်မီသစ်ပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ကန်တော်ကြီးမှာ ရေခန်းခြောက်မှု မရှိတော့ဘဲ ရာသီမရွေး ရေများပြည့်နေသည်ကို ဤသို့ တွေ့ရသည်။

ခါတော်မီပင်အရိပ်အောက်က စီးပွားဖြစ်ကော်ဖီပင်လေးများ

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း
ပြင်ဦးလွင်ချစ်ဆွေ

နေပြည်တော် ဇန်နဝါရီ ၉

ကော်ဖီသည် ကမ္ဘာတစ်လွှား လူကြိုက်များသော သီးနှံတစ်မျိုးဖြစ်သည်။ ထို့ကြောင့် အဝယ်လိုက်ပြီး ဈေးကောင်းရသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကော်ဖီပင်ကို စိုက်ပျိုးရန် စိတ်ဝင်စားလာခဲ့ကြသည်။

ကော်ဖီစိုက်ပျိုးလိုသူများကိုလည်း သက်ဆိုင်ရာက မြေနေရာများ ဖော်ထုတ်ချထားပေးလျက်ရှိသည်။ ကော်ဖီစိုက်ပျိုးမြေများအတွက် သစ်တောပြုန်းတီးခဲ့ပြီးနောက် သစ်တောအဖြစ် ပြန်လည်ဖော်ဆောင်နိုင်ခြင်း မရှိသေးသောမြေများ၊ တောင်ယာဖုန်းဆိုးမြေများ၊ ရေဝေရေလဲဒေသများရှိ သစ်တောပြုန်းတီးနေသော မြေများကိုရွေးချယ်၍ မြေနေရာချပေးခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

ပြင်ဦးလွင်၌ ခါတော်မီပင်သစ်ပင်ကြီးများနှင့်အတူ ပူးတွဲစိုက်ပျိုးထားသော ကော်ဖီစိုက်ခင်းကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်)

ထူးချွန်ထက်မြက်သူများဖြစ်ရေး စာပေဖတ်ရှုလေ့လာ

စာအုပ်စာပေသည် လူ့ဘဝ၏ မီးရှူးတန်ဆောင်ဖြစ်သည်။ စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ရရှိစေနိုင်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် ခေတ်အမြင်၊ ခေတ်အသိများရှိရန်လိုအပ်သည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်မှုနည်းပညာများ တိုးတက်မှုနှင့်အတူ နည်းပညာရပ်များ သာလွန်ပိုင်ဆိုင်ထားသည့် နိုင်ငံကြီးအချို့သည် စာနယ်ဇင်း အပါအဝင် မီဒီယာများကိုချုပ်ကိုင်ပြီး ၎င်းတို့အကျိုးစီးပွားအတွက် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများသည် မှန်ကန်သောအတွေးအခေါ်များရှိရန်အတွက် စာပေဗဟုသုတနှင့် ပြီးပြည့်စုံနေရမည်ဖြစ်သည်။ ကျေးလက်နှင့်မြို့ပြ လူမှုစီးပွားဘဝ ကွာဟချက်များ လျော့နည်းရန်၊ ဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည်။

စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် စာဖတ်သည့်အလေ့အထကောင်းများရရှိပြီး အတွေးအခေါ် ဗဟုသုတများ ပြည့်စုံကြွယ်ဝလာမည်ဖြစ်သည်။ စာဖတ်သူများ များပြားလာသည့်အလျောက် အရည်အချင်း ပြည့်ဝသူများလည်း တိုးတက်များပြားလာမည်ဖြစ်သည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုစကားအရ စာပေသည် ဘဝ၏အဖော်မွန်ဖြစ်သည်။ လူတစ်ဦး တစ်ယောက်သည် စာပေဖတ်ခြင်း၏ အကျိုးကျေးဇူးကြောင့် ဘဝတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိသွားနိုင်မည်ဖြစ်သည်။

စာပေဖတ်ခြင်းကြောင့် လူမှုရေးနယ်ပယ်တွင် မှန်ကန်သောတွေးခေါ်မှုကို တွေးခေါ်တတ်လာသည်။ ဘာသာတရားကိုင်းရှိုင်းမှုရှိလာပြီး ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်လာသည်။ "အလိမ္မာ စာမှာရှိ" ဆိုစကားအရ စာပေများသည် လူတို့၏အသိအမြင်၊ ဗဟုသုတကို ပိုမိုမြင့်မားစေသည်။

သို့ဖြစ်ပေရာ လူတိုင်းသည် အားလပ်ချိန်၌ စာအုပ်စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် အသိဉာဏ်ပညာများ တိုးတက်များပြားလာမည်ဖြစ်ပြီး စာပေဖတ်ရှုခြင်းမှရရှိသော ရလဒ်ကောင်းများမှသည် ထူးချွန်ထက်မြက်သောသူများ ဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်တွေမြို့၌ ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက် အောင်ဇံဝေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ထို့နောက် တာဝန်ရှိသူတို့က ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် တာဝန်ရှိသူများထံ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ကြပြီး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ မေယုလမ်းမကြီးတစ်လျှောက် မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် အမှတ် (၉) စံပြအခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂ ရက်ကကျင်းပရာ မြို့နယ်ထူးချွန်ကျောင်းလုပ်ငန်း ပထမဆုရရှိသော စတုတ္ထတန်း(က)မှ နန့်အေးသတာခင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြီးမြင့်က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

သန်လျင် အထက(၄) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

အထက(၄)သန်လျင်မြို့တွင် အနည်းဆုံး သုံးနှစ်ပညာသင်ကြားခဲ့သော သက်ပြည့်အငြိမ်းစားဆရာ ဆရာမကြီးများနှင့် အခြားကန်တော့ခံဆရာ ဆရာမများအား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် သန်လျင်မြို့ အထက(၂) ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်ကြသော ဒေါ်တီဝင်း ဖုန်း-၀၁-၇၃၀-၄၁၅၀၈၊ ကိုမြင့်ထွန်း ဖုန်း-၀၉-၅၄၀၇၅၂၃၊ ဆရာမဒေါ်စန်းစန်းဦး အထက(၂) သန်လျင်မြို့၊ မမာလာ ဖုန်း-၅၀၆၀၀၉၆နှင့် ကိုလှမော် ဖုန်း-၀၁-၇၃၁၂၅၄၄၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျေးလက်စာကြည့်တိုက်အဆောက်အအုံသစ် ကျောက်ဖြူမြို့နယ်၌ ဖွင့်

ကျောက်ဖြူ ဇန်နဝါရီ ၉

ကျောက်ဖြူမြို့နယ် စစ်တောကျေးရွာအုပ်စု စေမော်ကျေးရွာ ဘဝတက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားပြီး စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မဲက စာကြည့်တိုက်ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဘဝတက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မိုးအောင်၊ စေမော်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျန်မောင်နှင့် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မဲတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဘဝတက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံသစ်မှာ အရှည် ၂၄ပေ၊ အနံ ၁၅ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အိမ်မဲမြို့၌ မဥ္ဇူလမ်းဖွင့်ပွဲကျင်းပ

အိမ်မဲ ဇန်နဝါရီ ၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ မဥ္ဇူလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက်က အဆိုပါ ကျောက်ချောလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

အဆိုပါလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မိခင်နှင့်ကလေးပြိုင်ပွဲ သဃ်န်းကျွန်း၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက သဃ်န်းကျွန်းမြို့နယ် မြို့နယ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်မြတ်ထွေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက သုံးမြွှာပူးအထူးဆုရ ကလေးများအားလည်းကောင်း **(အောက်ပုံ)**၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များက ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော ကလေးများအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(၁၂၁)

စာအုပ်စာပေ လူ့မိတ်ဆွေ